# <u>တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ အိန္ဒိယခရီးစဉ်</u>

RFA Radio

28 November, 2007

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ENC ရဲ့ ခေါင်းဆောင်တချို့ဟာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ကို ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ရောက်ရှိလာပြီးတော့ အိန္ဒိယနိုင်ငံရေးပါတီ ခေါင်းဆောင်တွေအပါအဝင် နိုင်ငံခြားရေးဆိုင်ရာ သုတေသီပြုလုပ်နေတဲ့ အဖွဲ့အစည်းတွေ၊ အိန္ဒိယကုန်သည်ကြီးများ အဖွဲ့တွေနဲ့ တွေ့ဆုံပြီးတော့ မြန်မာဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားအရေးတွေအပြင် လက်ရှိ မြန်မာပြည်အပေါ်ထားရှိတဲ့ အိန္ဒိယနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒအကြောင်းကို ဆွေးနွေးခဲ့ကြပါတယ်။

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ENC အဖွဲ့ရဲ့ အထွေထွေအတွင်းရေးမှူး ဒေါက်တာလျန်မှုန်းဆာခေါင်း၊ တွဲဘက်အတွင်းရေးမှူး ပဒိုစောဒေးဗစ်ထော၊ အဖွဲ့ဝင် ဒေါက်တာရွှေခါးရ် အပြင် အကြံပေးပုဂ္ဂိုလ် ဦးဟန်ယောင်ဝေတို့ဟာ အိန္ဒိယနိုင်ငံနယူးဒေလီမြို့ကို သုံးရက်ကြာရောက်ရှိလာပြီး အန္ဒိယနိုင်ငံရေးပါတီခေါင်းဆောင်၊ ပါလီမန်အမတ်တချို့နဲ့ ဝန်ကြီးချုပ်ဟောင်း ဘီဇင်ဆင်းတို့နှင့်ပါ တွေ့ဆုံခဲ့ပြီး လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေတွေကိုပါ ဆွေးနွေးခဲ့ကြပါတယ်။ ဒ့ါအပြင် အိန္ဒိယနိုင်ငံခြား ပေါ်လစီသုတေသနဗျူ အဖွဲ့နဲ့ အိန္ဒိယ စီးပွားရေးနယ်ပယ်တွင် ဩဇာရှိတဲ့ ကုန်သည်ကြီးများအသင်းနဲ့ပါ တွေ့ဆုံပြီး မြန်မာပြည်နဲ့ ပတ်သက်လို့ အိန္ဒိယရဲ့ နိုင်ငံရေးပေါ်လစီနဲ့ စီးပွားရေးပေါ်လစီတွေကို အပြန်အလှန်ဆွေးနွေးသုံးသပ်ခဲ့တယ်လို့ ENC ခေါင်းဆောင်တွေက ပြောပါတယ်။ ဒီဆွေးနွေးပွဲတွေနဲ့ ပတ်သက်လို့ ENC ရဲ့ အကြံပေးပုဂ္ဂိုလ် ဦးဟန်ယောင်ဝေကနေ အခုလိုရှင်းလင်းပြောပြ ပါတယ်။

**စဝ်ဟန်ယောင်ဝေ။** ။ ကျနော်တို့အမြင်နဲ့ သူတို့ရဲ့အမြင် ဖလှယ်ကြတယ်။ ဆွေးနွေးကြတယ်။ သူတို့ သိချင်တာကတော့ အိန္ဒိယရဲ့ မြန်မာပြည်နဲ့ဆိုင်တဲ့ ပေါ်လစီမှားသလား၊ မှန်သလား၊ ဘယ်လိုပြင်သင့်သလဲ၊ ဘယ်လိုလုပ်သင့်သလဲဆိုတာကို ကျနော်တို့ ဆွေးနွေးကြပါတယ်။ ပါလီမန်အမတ်တွေနဲ့ တွေ့တဲ့နေရာမှာလည်း သူတို့က အိန္ဒိယရဲ့ပေါ်လစီဘယ်လိုပြင်သင့်သလဲဆိုတာကို ဆွေးနွေးတယ်။ အဲဒီဆွေးနွေးပြီးတဲ့နောက်မှာလည်း အိန္ဒိယမှာရှိတဲ့ မြန်မာပြည်နဲ့ဆိုင်တဲ့ ပါလီမန်အမတ်တွေရှိပါတယ်။ အဲဒီအဖွဲ့ကလည်း Asean Inter-Parliamentary Myanmar Organization နဲ့ ညှိချင်တယ်။ ဥရောပသမဂ္ဂမှာရှိတဲ့ လူထုကိုယ်စားလှယ်တွေနဲ့လည်း ဆက်သွယ်ချင်တယ်။ တကမ္ဘာလုံး MPs မြန်မာပြည်အတွက်ဖြစ်လာအောင် လုပ်ချင်တယ်ဆိုတဲ့ဆန္ဒမျိုး သူတို့ ပြောခဲ့ပါတယ်။

အာရ်ဖက်အေ။ ။ ဒီတိုင်းရင်းသားခေါင်းဆောင်တွေဟာ မြန်မာပြည်နဲ့ပတ်သက်လို့ အိန္ဒိယရဲ့နိုင်ငံခြားရေးပေါ်လစီဟာ အိန္ဒိယနိုင်ငံအတွက် အကျိုးအမြတ်မရှိပုံတွေကို ထောက်ပြဝေဖန်ခဲ့တဲ့အကြောင်း (ဉပမာ–အိန္ဒိယက တရုတ်နဲ့ ဗမာ ဆက်ဆံရေးအင်အားချိန်ခွင်လျှာကြိုည့်ပြီး စစ်အစိုးရနဲ့ဆက်ဆံနေပေမည့်လည်း လက်တွေ့မှာတော့ နအဖရဲ့ စီးပွားရေးအရ မျက်နှာသာပေးမှုကို တရုတ်လောက်မခံစားရတဲ့အပြင် ရှိရင်းစွဲ ဒီမိုကရေစီအရေးအပေါ် ရပ်တည်ချက် ဂုဏ်သိက္ခာပါကျဆင်းခဲ့ရတဲ့အကြောင်း၊ အိန္ဒိယအရှေ့မြောက် သူပုန်တွေကို နှိမ်နင်းဖို့အတွက် မြန်မာစစ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မှုမှာလည်း မျှော်မှန်းသလောက်မပေါက်ခဲ့တဲ့အပြင် မြန်မာပြည်မှာ နိုင်ငံရေးတည်ငြိမ်မှုလည်းမရှိ၊ တရားဉပဒေစိုးမိုးမှုလည်းမရှိတဲ့အတွက် စစ်အစိုးရနဲ့ပူးပေါင်းဆောင်ရွက်မှုဟာ အိန္ဒိယအတွက် ရေရှည်အာမခံချက်မရနိုင်တဲ့အကြောင်း အိန္ဒိယခေါင်းဆောင်တွေကို ဆွေးနွေးတင်ပြခဲ့တယ်လို့ ENC ခေါင်းဆောင်တွေက RFA ကိုပြောပါတယ်။ ဒါဆိုရင်အိန္ဒိယကကော အခုလိုသုံးသပ်တင်ပြတာကို ဘယ်လောက် ထိလက်ခံသလဲ၊ ဒီလိုတင်ပြရုံနဲ့မြန်မာနိုင်ငံအပေါ် ထားရှိတဲ့ မူဝါဒတွေပြောင်းလဲသွားဖို့ ဖြစ်နိုင်ပ့ါမလားလို့ မေး ကြည့်တော့ ENC အဖွဲ့ရဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူး ပဒိုဒေးဗစ်ထောက အခုလိုပြောပြပါတယ်။

**ပဒိုဒေးဗစ်ထော။** ။ သူတို့အနေနဲ့ကတော့ ဒီဟာကို လက်ခံတယ်။ ဒါပေမယ့် အခက်အခဲကိုတော့ သူတို့က ပြန်ပြောပြတယ်။ ဘယ်လိုအခက်အခဲကိုပြောသလဲဆိုတော့ ဒီအခုလက်ရှိအစိုးရက ပထမအစိုးရက ချခဲ့တဲ့ပေါ်လစီအပေါ်မှာအခြေခံပြီး လိုက်လုပ်ရခြင်းဖြစ်တယ်။ ဆိုတော့ လုပ်တဲ့အခါမှာတော့ သူတို့အနေနဲ့ ပါလီမန်ကို တိုင်ပင်ဖို့မလိုပဲနဲ့ ပေါ်လစီကို ဆက်လက် အကောင်အထည်ဖော်နေတာဖြစ်တယ်။ Review လုပ်နိုင်ဖို့အတွက်၊ Race လုပ်နိုင်ဖို့အတွက် ကြိုးစားမယ်ဆိုတာကိုတော့ ဂတိပေးပါတယ်။

အာရ်ဖက်အေ။ ။ ENC အဖွဲ့ဟာ အိန္ဒိယအရှေ့မြောက်ပြည်နယ်မှာရှိတဲ့ အမတ်တွေနဲ့ တွေ့ဆုံဆွေးနွေးဖို့အစီအစဉ် ရှိတယ်လို့သိရပါတယ်။ အိန္ဒိယပါလီမန်ထဲမှာလည်း မြန်မာနိုင်ငံအပေါ်ထားတဲ့ အိန္ဒိယရဲ့ ပေါ်လစီကို အမတ်တွေက အခြေတကျ ဆွေးနွေးမယ့် အစီအစဉ်ရှိလာမယ်ဆိုရင်တော့ နှစ်နိုင်ငံဆက် ဆံရေး မူဝါဒပုံစံဟာ ပြောင်းလဲကောင်းပြောင်းလဲသွားနိုင်တယ်လို့ ENC ခေါင်းဆောင်တွေက မျှော်လင့်နေ ပါတယ်။ ENC ခေါင်းဆောင်တွေဟာ အိန္ဒိယနိုင်ငံကို လာရောက်ပြီး မြန်မာ့အရေးနဲ့ပတ်သက်လို့ အိန္ဒိယပါ လီမန်အမတ်တွေ၊ နိုင်ငံရေးပါတီတွေကို ချဉ်းကပ်ပြီး နားချနေတာ အခုတခါပါဆိုရင် သုံးကြိမ်ရှိခဲ့ပါပြီ။ ဒီတခေါက် မှာဆိုရင် လက်ရှိအစိုးရအဖွဲ့အတွင်း အမတ်တချို့နဲ့ပါ တွေ့ခွင့်ရသလို အိန္ဒိယပါတီခေါင်းဆောင်တချို့နဲ့လည်း တူညီတဲ့ အမြင်သဘောထားတွေ ရခဲ့တယ်လို့ ENC ခေါင်းဆောင်တွေက RFA ကိုပြောပါတယ်။ လက်ရှိအနေ အထားမှာတော့ အိန္ဒိယဟာ မြန်မာစစ်အစိုးရနဲ့ ဆက်ဆံရေးကောင်းနေသေးသလို အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက်၊ ဒီမိုကရေစီအရေးအတွက် စစ်အစိုးရနဲ့ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးနေမှုတွေကိုလည်း လိုလားနေတာအမှန်ပါပဲ။ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စု မြန်မာနိုင်ငံ) ENC ရဲ့ခေါင်းဆောင်တွေက အိန္ဒိယနိုင်ငံဟာ အရင်ကထက်စာရင် မြန်မာ့အရေး၊ တိုင်းရင်းသား အရေးတွေကို ပိုမိုစိတ်ဝင်စားမှုတွေ ပြနေပြီး လာမည့်နှစ်မှာလည်း အိန္ဒိယနိုင်ငံရေးပါတီ ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ အခွင့်အလမ်းတွေ ရခဲ့တယ်လို့ RFA ကိုပြောခဲ့ပါတယ်။